# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 9 , 2024 Volume 85 , Number 6


**၉.၁၂.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၇.၈၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၆.၉၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၉.၉၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၉.၂၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၆၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၀၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာနိုင်ငံမှ ဆန်ဖြူတန် ၁ သိန်း ဘင်္ဂလားဒေ့ရှ် ဝယ်ယူမည်



မြန်မာနိုင်ငံကနေ ဆန်ဖြူတန်ချိန် ၁ သိန်း ဝယ်ယူတင်သွင်းမယ်လို့ ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရရဲ့ ဘဏ္ဍာရေးအကြံပေး Salehuddin Ahmed ဦးဆောင်တဲ့ ပြည်သူ့ဝယ်ယူမှုဆိုင်ရာ အစိုးရအဖွဲ့ကော်မတီက အတည်ပြုလိုက်ပါတယ်။

ဘင်္ဂလားဒေ့ရှ်အစိုးရအနေနဲ့ဆန်စပါးဈေးကြီးမြင့်မှုကိုလျှော့ချဖို့ ကြိုးပမ်းမှုရဲ့တစ်စိတ်တစ်ပိုင်းအနေနဲ့ မြန်မာနဲ့အိန္ဒိယနိုင်ငံတို့က ဆန်တင်သွင်းဖို့စီစဉ်ထားတာပါ။ အဆိုပါအစီအစဉ်အရ မြန်မာနိုင်ငံကနေဆန်ဖြူတန်ချိန် ၁ သိန်းကို တစ်တန်ဈေး အမေရိကန်ဒေါ်လာ ၅၁၅ နဲ့ တင်သွင်းသွားဖို့ရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်အစိုးရအနေနဲ့ အိန္ဒိယကဘာစမာတီဆန်ကိုလည်း တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၆၇ ဒသမ ၇ ဈေးပေးပြီး တန်ချိန် ၅ သောင်း ဝယ်ယူမယ်လို့ သိရပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ မြန်မာနဲ့ဗီယက်နမ်တို့အကြား ဆန်တင်သွင်းမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးထားပြီး သဘောတူညီချက်တွေက ၂၀၂၇ ခုနှစ်အထိ သက်တမ်းရှိတယ်လို့ စားနပ်ရိက္ခာဝန်ကြီးဌာနက တာဝန်ရှိသူတွေက ဆိုပါတယ်။

မြန်မာနိုင်ငံနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့ကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ၊ သဘောတူညီမှုဆိုင်ရာ MOU အရ မြန်မာက ဘင်္ဂလားဒေ့နိုင်ငံကို လက်ရှိမှာ ၃ ကြိမ်ထိ ဆန်တင်ပို့ရောင်းချထားပြီးဖြစ်ပါတယ်။

ပထမတစ်ကြိမ်မှာ ဆန်တန်ချိန် ၁ သိန်း၊ ဒုတိယအကြိမ်မှာ ဆန်တန်ချိန် ၂ သိန်းနဲ့ တတိယအကြိမ်မှာ ဆန်တန်ချိန် ၂ သိန်း အသီးသီးရောင်းချထားတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ အချက်အလက်တွေအရ သိရပါတယ်။

ဘင်္ဂလားဒေ့ရှ်အစိုးရဘက်က လက်ရှိဘဏ္ဍာနှစ်မှာ ပြည်ပကနေ ဆန်တန်ချိန် ၅ သိန်း တင်သွင်းသွားဖို့အစီအစဉ်ရှိပြီး အပြိုင်အဆိုင်ဈေးပေးကာ လျင်လျင်မြန်မြန်နဲ့ အရည်အသွေးပြည့်မီစွာရောင်းချနိုင်သူတွေဆီကနေ ဝယ်ယူမယ်လို့ ပြောကြားထားပါတယ်။

Source : BETV Business


### CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ရွှေအရည်အသွေး ပြည့်မီရန်အတွက် ဓာတ်ခွဲခန်းဖွင့်လှစ်မည်



ရွှေအရည်အသွေးပြည့်မီရန်အတွက် ဓာတ်ခွဲခန်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကသိရသည်။

နိုင်ငံတကာ အသိအမှတ်ပြု ISO လက်မှတ်ရရှိရန်ဆောင်ရွက်နေပြီး နိုင်ငံတကာမှ အသိအမှတ်ပြုအဖွဲ့များ လာရောက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီအားလုံးသည် အမေရိကန်၊ ဂျာမနီ၊ အင်္ဂလန်နိုင်ငံတို့တွင်ရှိပြီး ၎င်းတို့မှချိန်လိုက်သည့် အလေးချိန်သည် မှန်မှန်ကန်ကန်ဖြစ်ရမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးရှိ မည်သည့်ချိန်ခွင်တွင်မဆို အလေးချိန်မှန်မှန်ကန်ကန်ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ရွှေကို ကမ္ဘာ့ရွှေဈေးကွက်တွင်ပါ ရောင်းဝယ်နိုင်သည့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးကွက်အနေနဲ့ ကမ္ဘာ့ရွှေဈေးကွက်တစ်ခုကို ထပ်ပြီးရလိုက်တဲ့သဘောပေါ့။ လန်ဒန် Exchange မှာလည်းသွားရောင်းလို့ရတယ်။ နိုင်ငံတကာကို တရားဝင်ရောင်းလို့ဝယ်လို့ရသွားတဲ့ အခြေအနေပဲဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ ကမ္ဘာ့ရွှေဈေးအနည်းငယ်တက်လာသည့်အတွက် ပြည်တွင်းရွှေဈေးကွက်တွင်လည်း ဈေးနှုန်းမြင့်တက်လာပြီး အရောင်းအဝယ်အေးနေကြောင်း သိရသည်။

**Source : Popular News Journal**

## ဟောင်ကောင်ဒေသ နိုင်ငံတကာခရီးသွားလုပ်ငန်းပြပွဲ ၂၀၂၅ ကျင်းပပြုလုပ်မည်

ဟောင်ကောင်မြို့၊ Hong Kong Convention and Exhibition Centre ၌ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဟောင်ကောင်ဒေသနိုင်ငံတကာခရီးသွားလုပ်ငန်းပြပွဲ ၂၀၂၅ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ITE ကုန်စည်ပြပွဲများသည် ဟောင်ကောင်ဒေသအပါအဝင် မဟာပင်လယ်ကွေ့ဒေသအခြေစိုက်လုပ်ငန်းများအပြင် နိုင်ငံတကာမှ လုပ်ငန်းများပါဝင်ပြသကြပြီး ၂၀၂၄ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် ITE ၌ ပါဝင်ပြသသူ ၅၁၅ ဦး၊ ကုန်သည်များလာရောက်မှု ၇၀၂၃ ဦးနှင့် ပြပွဲလာရောက်သူ ၆ သောင်းကျော်ရှိခဲ့ကြောင်း၊ ၎င်းပြပွဲကို ၄ ရက်ကြာ ကျင်းပမည်ဖြစ်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာကုန်သည်များနှင့် ဝယ်ယူသူများအတွက် ၂ ရက်နှင့် အများပြည်သူ အတွက် ၂ ရက်၊ စုစုပေါင်း ၄ ရက် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပြခန်းခန့်နှုန်းထားများအနေဖြင့် အကျယ်အဝန်း ၉ စတုရန်းမီတာရှိသည့် Shell Standard A အတွက် အမေရိကန်ဒေါ်လာ ၄၅,၀၀၀၊ အကျယ်အဝန်း ၉ စတုရန်းမီတာရှိသည့် Shell Standard B အတွက် အမေရိကန်ဒေါ်လာ ၄,၆၈၀ စားပွဲထိုင်ခုံပါနှင့် အခန်းဖွဲ့စည်းမှုမရှိသည့် ပြခန်းနေရာသီးသန့်အကျယ်အဝန်း ၁၈ စတုရန်းမီတာအတွက် အမေရိကန်ဒေါ်လာ ၈,၂၈၀ ကျခံရမည်ဖြစ်သည်။

အဆိုပါပြပွဲအတွက် ပြခန်းငှားရမ်းမှုများနှင့်စပ်လျဉ်းသည့်အသေးစိတ်အချက်အလက်များကို www.itehk.comတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပြခန်းငှားရမ်းခကို ၂၀၂၅ ခုနှစ်၊ ပြခန်းခပေးချေမှု အစောဆုံးပြုလုပ်သူများအတွက် ၁၅ ရာခိုင်နှုန်းသက်သာမှုရရှိမည်ဖြစ်ကြောင်း သိရသည်။

"ဟောင်ကောင်ဒေသနိုင်ငံတကာခရီးသွားလုပ်ငန်းပြပွဲ ၂၀၂၅ ပြပွဲ"သို့ ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ၊၄၀၈၆၂၂-၀၆၇-E-mail: event.td. myantrade @gmail.com သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

Source : https://myantrade.gov.mm/event/naypyitaw_06122024_1530

## ပြည်တွင်းသုံးကျွန်းစားတော်ပဲ ဈေးမြင့်တက်လာ ကုလားပဲအုပ်စုစားသုံးမှုလျော့ကျလာ



ပြည်တွင်းသုံးကျွန်းစားတော်ပဲ ဈေးမြင့်တက်လာသော်လည်း ကုလားပဲ စားသုံးမှုလျော့ကျနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ဒီဇင်ဘာတွင် ဆောင်းသီးနှံရာသီစာများပေါ်ချိန်တွင် ပြည်တွင်းသုံး ကုလားပဲများ စားသုံးမှုလျော့ကျလေ့ရှိသည်။

ပဲနှမ်းဈေးကွက်အတွင်း တရုတ်နိုင်ငံမှဝင်ရောက်သည့် ကနေဒါ စားတော်ပဲအဝင်မရှိတော့သောကြောင့်ပြည်တွင်းကျွန်းစားတော်ပဲဈေးဆက်တိုက်မြင့်တက်လာရာသုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၄၈၀,၀၀၀ ထိပေါက်ဈေးရှိလာကြောင်း၊ ကုလားပဲအုပ်စုမှာလည်း စားသုံးမှုလျော့ကျလာရာ ဈေးနှုန်းအတက်အကျ အနည်းငယ်ရှိနေကြောင်း၊ ပို့ကုန်ပဲတွေကတော့ဈေးကျဆင်းနေ ပြီးလာမည့် ပဲသစ်ရာသီမှသာ အရောင်းအဝယ်ကောင်းလာမည် ဖြစ်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

“ဒီရက်ပိုင်း ဈေးကျဆင်း သွားတဲ့ကုလားပဲအုပ်စု အနည်းငယ်ပြန်ဈေးတက်လာပါတယ်။ ကုလားပဲတစ်အိတ်ကို ငွေကျပ် ၁၀,၀၀၀ လောက် ဈေးကျသွားတာကနေ အခုအနည်းငယ်ဈေးပြန်တက်လာတယ်။ မြေပဲဆန်တွေလည်း ဆီစက်သမားတွေ အဝယ်သွက်နေပါတယ်။ ပို့ကုန်ပဲတွေကတော့ ဈေးကျဆင်းနေပါတယ်။ ကနေဒါစားတော်ပဲကတော့ တရုတ်နိုင်ငံက အဝင်မရှိတော့ ပြည်တွင်းကျွန်းစားတော်ပဲ ဈေးတက်လာပါတယ်။ တစ်အိတ်ကို ငွေကျပ် ၄၈၀,၀၀၀ အထိ တက်လာတာပါ။ လက်ရှိဈေးထက်တော့ ဆက်မတက်နိုင်တော့ဘူး။ ဒီဇင်ဘာလအတွင်းမှာ ဆောင်းရာသီစာပေါ်နေချိန်မှာ ပြည်တွင်းသုံး ကုလားပဲတွေစားသုံးမှုတွေက ကျဆင်းလေ့ရှိပါတယ်”ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၅ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀၊ မတ်ပဲအသစ်တစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀ ပေါက်ဈေးရှိလာ ပြီး ဈေးကျဆင်းပြီး အဝယ်အေးနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အဝယ်အေးနေရာ ဒီဇင်ဘာ ၅ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၉၃,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၉၇,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင်ငွေကျပ် ၂၈၂,၀၀၀၊၉၂၉ ကုလားပဲတစ်အိတ် လျှင် ငွေကျပ် ၂၉၅,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်း များမှာ ဈေးငြိမ်နေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၈၀,၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာ လျှင် ငွေကျပ် ၈၆၀၀ – ၈၈၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ အရောင်းအဝယ် ပြန်သွက်လာရာ ဒီဇင်ဘာ ၅ ရက် တွင် နှမ်းနက် (စမုန်) ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၆၁၀,၀၀၀၊ အက်ဆစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၇၀,၀၀၀၊ နှမ်းဖြူ(ဂျပန်)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၃၀,၀၀၀၊ နှမ်းဖြူ (ဗမာ) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၈၅,၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၁၅,၀၀၀ အသီးသီး ပေါက်ဈေးရှိနေရာ နှမ်းအမျိုးအစားအလိုက်တစ်အိတ်လျှင် ငွေကျပ် ၁၀,၀၀၀ ကျော်ဆက်လက်မြင့်တက်လာကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ဆိုလာစနစ်ဖြင့်စိုက်ပျိုးရေရရှိသည့်အတွက် စိုက်ပျိုးရေရရှိသည့်အတွက်ရေဖြူကျေးရွာတောင်သူများ ဆောင်းသီးနှံများပါ စိုက်ပျိုးလာနိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရေဖြူကျေးရွာအုပ်စု ရေဖြူ(အလယ်စု) ကျေးရွာတွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းမှာ ရာနှုန်းပြည့်အကောင်အထည်ဖော်ပြီးစီးပြီဖြစ်ကြောင်းနယ်စပ် ရေးရာဝန်ကြီးဌာနက သိရသည်။



အဆိုပါလုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံ တောင်သူများအနေဖြင့် ရာသီမရွေးစိုက်ပျိုးရေ အသုံးပြုနိုင်မည်ဖြစ်ပြီး ယခင်ကမိုးရာသီ၌ စပါးနှင့်ပြောင်းတို့ကိုသာ စိုက်ပျိုးခဲ့ရာ မှယခုအခါဆောင်းသီးနှံဖြစ်သည့် နေကြာ ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ် နှင့်ဂေါ်ဖီထုပ်တို့ကို သီးထပ်သီးညှပ်အနေဖြင့် တိုး တက်စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဒေသခံတောင်သူများအတွက် ရာသီမရွေးစိုက်ပျိုးနိုင်အောင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည့်အတွက် ရှမ်းပြည်နယ်အတွင်းဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်အပတ်နှင့် ယခုအပတ် နှိုင်းယှဉ်မှုအခြေအနေ

ဒီဇင်ဘာလပထမပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်တွင်အရောင်းအဝယ်ဖြစ်နေသည့်လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ပဲကြီး၊ ပဲနီလုံးကြား၊ ပဲယင်းဝါ၊ မြေထောက်ပဲ၊ ပြောင်းနီ၊ ထောပတ်ပဲနှင့် ပုဂံပဲဈေးငြိမ်၍ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲပုပ်စေ့၊ ပဲနီလုံး ရိုးရိုး၊ ဆန်ပြောင်းဖြူဈေးနှုန်းများ ကျဆင်းနေပြီး ဂျုံဖြူသန့်၊ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေး၊ CP ပြောင်းဖူးစေ့၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဖြူလုံးသေး၊ ကုလားပဲ 929၊ ကုလားပဲထိုင်ဝမ် ဈေးနှုန်းများ မြင့်တက်နေကြောင်း သိရသည်။

ယခုအပတ်အတွင်း သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့်၇၄,၀၀၀ ကျပ်၊ ပဲကြီး ၉၀,၀၀၀ ကျပ်၊ မတ်ပဲ ၈၀,၀၀၀-၁၁၀,၀၀၀ ကျပ်၊ ပဲတီစိမ်းကြီး ၉၀,၀၀၀- ၉၆,၅၀၀ ကျပ်၊ ပဲတီစိမ်းသေး ၈၇,၀၀၀ ကျပ်၊ ပဲစင်းငုံ ၁၁,၀၀၀၀ ကျပ်၊ ပဲနီလုံးရိုးရိုး ၈၀,၀၀၀ ကျပ်၊ ပဲနီလုံးကြား ၁၀၇,၀၀၀ကျပ်၊ပဲယင်းဝါ ၇၀,၀၀၀ ကျပ်၊ ထောပတ်ပဲ ၇၀.၀၀၀ ကျပ်၊ ပဲပုပ်စေ့ ၁၆၀,၀၀၀ ကျပ်၊ ပုဂံပဲ ၁၃၅၀၀၀ ကျပ်၊ မြေထောက်ပဲ ၇၅,၀၀၀-၁၀၀,၀၀၀ ကျပ်၊ CP ပြောင်းဖူးစေ့ ၂၇,၀၀၀ ကျပ်၊ ပြောင်းနီ ၂၃,၀၀၀ ကျပ်၊ ဆန်ပြောင်းဖြူ ၂၅,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး ၉၉,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး ၉၉,၀၀၀ ကျပ်၊ ကုလားပဲ 929 ၉၇,၀၀၀ ကျပ်၊ ကုလားပဲ ထိုင်ဝမ် ၉၇,၅၀၀ ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။

ယခင်အပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၇၁၀၀၀ ကျပ်၊ ပဲကြီး ၈၀,၀၀၀-၉၀,၀၀၀ ကျပ်၊ မတ်ပဲ ၈၅,၀၀၀-၁၁၀,၀၀၀ ကျပ်၊ ပဲတီစိမ်းကြီး ၉၂,၀၀၀ ကျပ်၊ ပဲတီစိမ်းသေး ၈၀,၀၀၀ ကျပ်၊ ပဲစင်းငုံ ၁၁၉,၀၀၀ ကျပ်၊ ပဲနီလုံး ရိုးရိုး ၈၀,၀၀၀-၈၂,၀၀၀ ကျပ်၊ ပဲနီလုံးကြား ၁၀၇,၀၀၀ ကျပ်၊ ပဲယင်းဝါ ၇၀,၀၀၀ ကျပ်၊ ထောပတ်ပဲ ၇၀,၀၀၀ ကျပ်၊ ပဲပုပ်စေ့ ၁၆၀,၀၀၀ -၁၆၅,၀၀၀ကျပ်၊ ပုဂံပဲ ၁၃၅,၀၀၀ကျပ်၊ မြေထောက်ပဲ ၇၅,၀၀၀ -၁၀၀,၀၀၀ ကျပ်၊ CP ပြောင်းဖူးစေ့ ၂၆,၅၀၀ ကျပ်၊ ပြောင်းနီ ၂၃၀၀၀ ကျပ်၊ ဆန်ပြောင်းဖြူ ၂၇၀၀၀ ကျပ် ၊ ကုလားပဲဖြူလုံးကြီး ၉၇,၀၀၀ ကျပ်၊ကုလားပဲဖြူလုံးသေး ၉၇,၀၀၀ ကျပ်၊ ကုလားပဲ 929 ၉၅,၅၀၀ ကျပ်၊ ကုလားပဲထိုင်ဝမ် ၉၆,၀၀၀ ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူနှိုင်းယှဉ်ပါက ဂျုံဖြူသန့် တစ်တင်းလျှင် ၃၀၀၀ ကျပ်၊ ပဲတီစိမ်းကြီးတစ်တင်းလျှင် ၄၅၀၀ ကျပ်၊ ပဲတီစိမ်းသေးတစ်တင်းလျှင် ၇၀၀၀ ကျပ်၊ CP ပြောင်းဖူးစေ့တစ်တင်းလျှင် ၅၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီးတစ်တင်းလျှင်၂၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် ၂၀၀၀ ကျပ်၊ကုလားပဲ 929 တစ်တင်းလျှင်၁၅၀၀ ကျပ်၊ကုလားပဲထိုင်ဝမ်တစ်တင်းလျှင် ၁၅၀၀ ကျပ်နှုန်းမြင့်တက်နေပြီး မတ်ပဲ တစ်တင်းလျှင် ၅၀၀၀ ကျပ်၊ပဲစင်းငုံတစ်တင်းလျှင် ၉၀၀၀ ကျပ်၊ ပဲပုပ်စေ့တစ်တင်းလျှင် ၅၀၀၀ ကျပ်၊ ပဲနီလုံးရိုးရိုးတစ်တင်းလျှင် ၂၀၀၀ ကျပ်၊ ဆန်ပြောင်းဖြူတစ်တင်းလျှင် ၂၀၀၀ ကျပ်နှုန်းကျဆင်းနေကြောင်း သိရသည်။

**Source : စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဆောင်းဖရဲသီးများ တရုတ်နိုင်ငံသို့ တင်ပို့နေသော်လည်း ဈေးကောင်းမရရှိသေး



မြန်မာနိုင်ငံမှ ဆောင်းဖရဲသီးများ တရုတ်နိုင်ငံသို့ တင်ပို့နေသော်လည်း ဈေးကောင်းမရရှိသေးကြောင်း ပွဲရုံများထံက သိရသည်။

ပြည်တွင်းဖရဲသီးများတရုတ်နိုင်ငံသို့တင်ပို့ရာတွင် ဒီဇင်ဘာလဆန်းပိုင်းမှစတင်ကာ တစ်စီး၊ နှစ်စီး စတင်ဝင်ရောက်တင်ပို့နေရာဖရဲတစ်တန်လျှင် ယွမ်ငွေ ၂၅၀၀ ခန့်သာဈေးရရှိနေကြောင်း၊ ဖရဲသီးတင်ပို့မှုမှာလည်း ကားတစ်စီးစာစိုက်ခင်းကုန်ကျငွေနှင့် တင်ပို့စရိတ်မှာ ငွေကျပ် သိန်း၂၆၀ နီးပါးကုန်ကျကြောင်း၊ လက်ရှိတင်ပို့မှုမှာ နယ်စပ်ဒေသများတွင်စိုက်ပျိုးသည့် ရှမ်းဖရဲသီးများသာတင်ပို့လျက် ရှိကြောင်း သစ်သီးပွဲရုံပိုင်ရှင်တစ်ဦးထံက သိရသည်။

"လက်ရှိမှာတော့ နယ်စပ်ကစိုက်ပျိုးတဲ့ရှမ်းဖရဲသီးတွေစတင်ဝင်ရောက်နေပါတယ်။ အသီးပေါက်ဈေးနဲ့ တင်ပို့စိုက်ပျိုးစရိတ်က တောင်သူတွေ အဆင်မပြေသေးဘူး။တင်ပို့စရိတ်ကလည်း ကားတစ်စီးစာကို ငွေကျပ် သိန်း ၂၆၀ နီးပါးလောက် ကုန်ကျနေတာပါ။ လက်ရှိတစ်တန်ပေါက် ဈေးက ၂၅၀၀ ယွမ်သာပေါက်ဈေးရှိပါတယ်။ ပြည်တွင်းက ဖရဲသီးတွေကတော့ တင်ပို့နိုင်ခြင်းမရှိသေးပါဘူး။ လက်ရှိပေါက်ဈေးကတော့ ဖရဲတောင်သူတွေအတွက် အဆင်မပြေသေးပါဘူး"ဟု ၎င်းကပြောသည်။


လက်ရှိ ဖရဲသီးတင်ပို့မှုမှာ တရုတ်နယ်စပ်ဂိတ်မိုင်းလား -တာလော့မှတစ်ဆင့် တင်ပို့နေခြင်းဖြစ်ရာ ကားတစ်စီးစာ စိုက်ခင်းကုန်ကျငွေကျပ် သိန်း ၁၀၀ အပါအဝင် တင်ပို့မှုအထွေထွေ၊ အခွန်စရိတ်များမှာ ငွေကျပ် စုစုပေါင်း သိန်း ၂၆၀ ခန့် ကုန်ကျနေပြီး လက်ရှိ ဖရဲတစ်တန်ပေါက်ဈေးမှာ တစ်တန်လျှင် ငွေကျပ် ၁,၅၆၂,၅၀၀ သာ ပေါက်ဈေးရှိနေပြီး ငွေဈေးတစ်ယွမ်လျှင် ၆၂၅ကျပ် ပေါက်ဈေးရှိနေသည်။

ပြည်တွင်း ဖရဲစိုက်ပျိုးသူများအနေဖြင့် တရုတ်နိုင်ငံနယ်စပ်သို့ ဖရဲသီးတင်ပို့မည်ဆိုပါက လက်ရှိကုန်ကျစရိတ်ထက် ပိုမိုကုန်ကျနိုင်ပြီး အသီးဈေးကောင်းမရရှိသေးခင်ဖြစ်သောကြောင့် တင်ပို့ရန်မဖြစ်နိုင်သေးဘဲ ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေရသည်။

လက်ရှိ ဖရဲသီးတင်ပို့နေသည့် မိုင်းလား-တာလော့နယ်စပ်ဂိတ်မှာ လမ်းခရီးကြာမြင့်ခြင်းကြောင့် အသီးအရည်အသွေးကျဆင်းနိုင်သဖြင့် တင်ပို့သည့်တောင်သူများအနေဖြင့် ကုန်ကျစရိတ်များကာမိအောင်တွက်ခြေကိုက်သည့် အသီးပေါက်ဈေး မဟုတ်သဖြင့် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကမ္ဘောဒီးယားနိုင်ငံ၏ ပထမဆုံး 150 MW လေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ



Leader Energy သည် 150 MW လေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် အကောင်အထည်ဖော်ရေးသဘောတူစာချုပ် IA ကို လက်မှတ်ရေးထိုးခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ပြန်လည်ဖွံ့ဖြိုးမြဲစွမ်းအင်အသွင်ကူးပြောင်းရေးတွင် အရေးပါသောခြေလှမ်းတစ်ခုကို စတင်ဆောင်ရွက်ခဲ့သည်။

ထိုပရောဂျက်သည်Leader Energy ၏လေအားလျှပ်စစ်တွင်စတင်ပူးပေါင်းဆောင်ရွက်မှုကို အမှတ်အသားပြုခဲ့ပြီး အရှေ့တောင်အာရှတွင် ထိပ်တန်းစွမ်းအင်အသုံးပြုသူအဖြစ်ထင်ဟပ်စေသည်။

နေရောင်ခြည်၊ ရေအားလျှပ်စစ်၊ ဓာတ်အားလိုင်းများနှင့် ဘတ်ထရီသိုလှောင်မှုတို့နှင့်အတူ ကုမ္ပဏီသည် ပြန်လည် ပြည့်ဖြိုး မြဲအသုံးပြုနိုင်သောလေစွမ်းအင်ကိုပါပေါင်းထည့်ပြီး ဒေသတွင်းရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ကတိပြုခဲ့သည်။

Mandulkiri ခရိုင်တွင်တည်ရှိသော လေအားလျှပ်စစ်ခြံအား ၂၀၂၇ ခုနှစ်တွင် ပြီးစီးရန်ရည်ရွယ်ထားပြီး ကမ္ဘောဒီးယား၏ ရေရှည်တည်တံ့သော စွမ်းအင်အနာဂါတ်အတွက် ပြုပြင်ပြောင်းလဲရေးမှတ်တိုင်တစ်ခုအဖြစ် ကိုယ်စားပြုရန်ရည်ရွယ်ထားသည် ဟု Leader Energy ၏ CEO ကပြောကြားခဲ့သည်။

**Source: Khmer Times**

DOCA ရန်ကုန်

https://www.doca.gov.mm/my/node/27741

## အိန္ဒိယနိုင်ငံသည် စိုက်ပျိုးသီးနှံအထွက်နှုန်းကောင်းမွန်စေရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ ကန်ဒေါ်လာ ၉၈ သန်း ချေးယူမည်

အိန္ဒိယနိုင်ငံသည် စိုက်ပျိုးသီးနှံအထွက်နှုန်းကောင်းမွန်စေရန် အာရှဖွံ့ဖြိုးရေးဘဏ် Asian Development Bank ADB မှ ချေးငွေကန်ဒေါ်လာ ၉၈ သန်း ချေးယူရန် သဘောတူညီမှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက နိုဝင်ဘာလ ၃၀ ရက်က ဖော်ပြသည်။

အထွက်နှုန်းတိုး၊ အရည်အသွေးကောင်းမွန်ပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော သီးနှံများကိုမြှင့်တင်မည့် ပိုးမွှားရောဂါကင်း စင်သောစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများဆိုင်ရာစနစ်တစ်ရပ်ထူထောင်ရန် အဆိုပါချေးငွေအား သုံးစွဲဆောင်ရွက်သွား မည်ဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၂၉ ရက်နေ့က ပြောကြားခဲ့သည်။

"အိန္ဒိယနိုင်ငံ၏ သန့်ရှင်းသော အပင်များတည်ဆောက်ခြင်းအစီအစဉ်" "Building India's Clean Plant Programme"၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အဆိုပါချေးငွေဆိုင်ရာသဘောတူချက်ကို အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန ပူးတွဲအတွင်းဝန် Juhi Mukherjee နှင့် ADB အိန္ဒိယဌာနေအဖွဲ့အစည်း India Resident Mission ၏ တာဝန်ခံအရာရှိ Kai Wei Yeo တို့အကြားလက် မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အပင်ကျန်းမာရေးသည် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်နိုင်စွမ်းတိုးတက်ရန် အရေးပါ ကြောင်း Mukherje က အလေးပေးပြောကြားခဲ့သည်။

"ADB ကရရှိလာတဲ့ ရန်ပုံငွေက တောင်သူလယ်သမားများရဲ့ကုန်ထုတ်လုပ်နိုင်စွမ်းတိုးတက်ဖို့ အရေးပါတဲ့အပင်ကျန်းမာ ရေးကိုမြှင့်တင်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

ယခုစီမံကိန်းသည် အပင်ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲမှုကို အဓိကထားသည့် အိန္ဒိယအစိုးရ၏ Atmanirbhar Clean Plant Programme CPP နှင့် လိုက်လျောညီထွေရှိကြောင်း Yeo မှ အထူး အလေးပေးပြောကြားခဲ့သည်။

"အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက်လိုအပ်သော CPP အစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင် ရွက်ရန် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်နှင့်အဖွဲ့အစည်းစနစ်များ ဖွံ့ဖြိုးတိုးတက်လာအောင်ယခုစီမံကိန်းက အကူအညီပေး မှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ သုတေသနပညာရှင်များ၊ ပြည်နယ်အစိုးရများနှင့် တောင်သူလယ်သမားအသင်းအဖွဲ့ များကအဆိုပါစီမံကိန်းအောင်မြင်မှုရရှိအောင်အတူတကွပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု၎င်းက ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းသည် အပင်ရောဂါကုသရေးဆိုင်ရာအဆင့်မြင့်ဓာတ်ခွဲခန်းများ၊လေ့ကျင့်ထားသောကျွမ်းကျင်ပညာရှင်ပါဝင် သည့် သန့်ရှင်းသောအပင်ဆိုင်ရာဗဟိုဌာနများကိုထူထောင်ရန်ရည်ရွယ်ထားခြင်းဖြစ်သည်ဟု အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ဗဟိုဌာနများ သည် ရောဂါကင်းစင်သော အခြေခံအစုတ်မြစ်ပစ္စည်းများကို ထိန်းသိမ်းကာ သန့်ရှင်းသောအပင်ဆိုင်ရာ လက်မှတ်များထုတ်ပေးသော အစီအစဉ်တစ်ရပ်အား ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ အသိအမှတ်ပြုထားသော ပုဂ္ဂလိကအဖွဲ့ အစည်းများကိုလည်း တောင်သူလယ်သမားအနေဖြင့် အရည်အသွေးမြင့်မားသော စိုက်ပျိုးရေးဆိုင်ရာပစ္စည်းကိရိယာများကို ရရှိ နိုင်ခြင်းရှိမရှိ စစ်ဆေးအတည်ပြုပြီး၊ အသိအမှတ်ပြုလက်မှတ်များပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းသည် တောင်သူလယ်သမားများကို သီးနှံအထွက်နှုန်းတိုးမြှင့်ပေးယုံသာမက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိရန် အကူအညီပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

အပူချိန်မြင့်တက်လာခြင်းကြောင့် ရောဂါပိုးမွှားများတိုးမြင့်လာသည့်အတွက် ရောဂါကင်းစင်သော ပစ္စည်းကိရိယာများက ရေရှည်ခံနိုင်ရည်ရှိမှုကို အထောက်အကူပြုသွားမည်ဟု သိရသည်။

အိန္ဒိယစိုက်ပျိုးရေးနှင့်တောင်သူလယ်သမားဖူလုံရေးဝန်ကြီးဌာနသည် အမျိုးသားစိုက်ပျိုးရေးဘုတ်အဖွဲ့ National Horticulture Board နှင့် အိန္ဒိယစိုက်ပျိုးရေးသုတေသနကောင်စီ Indian Council of Agricultural Research တို့နှင့် ပူးပေါင်း၍ အဆိုပါ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးကို စောင့်ကြည့်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် စိုက်ပျိုးသီးနှံအထွက်နှုန်းကောင်းမွန်စေရန် အာရှဖွံ့ဖြိုးရေးဘဏ် Asian Development Bank ADB မှ ချေးငွေ ကန်ဒေါ်လာ ၉၈ သန်းချေးယူမည့်အကြောင်းနှင့် နိုင်ငံ၏သန့်ရှင်းသောအပင်များ တည်ဆောက်ခြင်းအစီအစဉ် Building India's Clean Plant Programme ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရပုဂ္ဂလိကနှင့်တောင်သူလယ်သမားများ အကြား ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း သိရသည်။

**Source: The Hindu Businessline, India signs $98 million loan agreement with Asian Development Bank to boost horticulture productivity, November 30, 2024**

**စီးပွားရေးသံမှူး၊ ကောလ်ကတ္တား။**

https://myantrade.gov.mm/article/npt-9122024101356

## အမေရိကန်နိုင်ငံ၏ သံမဏိထုတ်လုပ်သည့်စက်မှုလုပ်ငန်းများက ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့် အား အကောက်ခွန်နှုန်းတိုးမြှင့်ရန် တွန်းအားပေးရသည့်အကြောင်းအရင်း

အမေရိကန်နိုင်ငံ၏ သံမဏိထုတ်လုပ်သည့်စက်မှုလုပ်ငန်းများက ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ မက္ကဆီကိုနှင့် တရုတ်နိုင်ငံတို့အပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံမည့်ကိစ္စကို အားပေးထောက်ခံလျက်ရှိပြီး ဒေါ်နယ်ထရမ့်အဆိုပြုသည့် အကောက်ခွန်နှုန်းထားထက်ပိုမို၍တိုးမြှင့်ကောက်ခံစေလိုကြကြောင်းလည်း သိရသည်။

အမေရိကန်နိုင်ငံ၏ အကြီးဆုံးသံမဏိထုတ်လုပ်သည့်ကုမ္ပဏီSteel Dynamics နှင့် Nucorတို့ပါဝင်သော သံမဏိထုတ်လုပ်သူများအသင်း (Steel Manufacturers Association)က ဗြိတိန်၊ ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံတို့မှ သံမဏိသွင်းကုန်များကိုလည်းအကောက်ခွန်ပြန်၍ကောက်ခံစေလိုကြောင်း၊ယင်းနိုင်ငံများမှတင်သွင်းသည့်သံမဏိသွင်းကုန်များကို ၂၀၁၈ ခုနှစ် ဒေါ်နယ်ထရမ့်၏ ပထမအကြိမ်သမ္မတသက်တမ်းအတွင်းအကောက်ခွန်သတ်မှတ်ကောက်ခံခဲ့သော်လည်း သမ္မတဂျိုးဘိုင်ဒင်လက်ထက်တွင် ယင်းနိုင်ငံများမှ သံမဏိသွင်းကုန်အချို့ကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

အမေရိကန်သံမဏိထုတ်လုပ်သည့်ကုမ္ပဏီများမှ အမှုဆောင်အရာရှိများက ၂၀၁၈ခုနှစ်၊ သမ္မတဒေါ်နယ်ထရမ့်၏ အကောက်ခွန်သတ်မှတ်ကောက်ခံမှုကို ထောက်ခံခဲ့ကြပြီးယင်းသို့သတ်မှတ်ကောက်ခံခြင်းကြောင့်အမေရိကန်နိုင်ငံရှိသံမဏိဈေးနှုန်းများမြင့်တက်ကာအကျိုးအမြတ်များရရှိခဲ့ပြီးအလုပ်သမားများကိုလည်းလုပ်ခလစာလည်းတိုးပေးနိုင်ခဲ့သည်ဟုငင်းတို့ကဆိုကြောင်း၊ လွန်ခဲ့သောနှစ်များအတွင်း ယင်းသံမဏိကုမ္ပဏီများသည် စက်ရုံသစ်များဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းများတိုးချဲ့နိုင်ခဲ့ပြီး သံမဏိထုတ်လုပ်မှုလည်း တိုးလာခဲ့ကြောင်း၊ သံမဏိသွင်းကုန်များကို အကောက်ခွန်တိုးမြှင့်သတ်မှတ်ခဲ့ခြင်းကြောင့် ပြည်တွင်းသံမဏိထုတ်ကုန်များ၏ဈေးနှုန်းကိုနိုင်ငံခြားသွင်းကုန်များ၏ဈေးနှုန်းအတိုင်းတိုးမြှင့်နိုင်ခဲ့ကြောင်း၊ နိုင်ငံခြားသံမဏိသွင်းကုန်များသည် သက်ဆိုင်ရာနိုင်ငံအစိုးရ၏အထောက်အပံ့ရယူလျက် အမေရိကန်ဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် ဝင်ရောက်လာခဲ့သဖြင့် ပြည်တွင်းသံမဏိထုတ်လုပ်သူများမှာခြိမ်းခြောက်မှုများနှင့်ကြုံတွေ့လျက်ရှိသည်ဟုသံမဏိထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ Mr. Philip Bell က ဆိုကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်၏ ၂၀၁၈ ခုနှစ် သံမဏိသွင်းကုန်များအပေါ်အကောက်ခွန်နှုန်းသတ်မှတ်ရာတွင် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ သံမဏိသွင်းကုန်များကို ၂၅ ရာခိုင်နှုန်းကောက်ခံခဲ့သော်လည်း အမေရိကန်- မက္ကဆီကို - ကနေဒါကုန်သွယ်ရေးသဘောတူညီချက် United States- Mexico -Canada Agreement, USMCA အရ ၂၀၁၉ ခုနှစ်တွင် ဖြေလျှော့ပေးခဲ့ပါကြောင်း၊ အမေရိကန်

နိုင်ငံသည် သံမဏိဈေးနှုန်းအမြင့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီးလွန်ခဲ့သောလများအတွင်းမော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍနှေးကွေးခဲ့သဖြင့် သံမဏိဝယ်လိုအားကျဆင်းခဲ့ရာဈေးနှုန်းများလည်းကျဆင်းခဲ့ပါကြောင်း၊ သံမဏိထုတ်လုပ်သည့်လုပ်ငန်းများက တရုတ်နိုင်ငံမှသံမဏိများသည် မက္ကဆီကိုနိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ အကောက်ခွန်နှုန်းသက်သာစွာဖြင့် ဝင်ရောက်ခဲ့ခြင်းကြောင့် အမေရိကန်နိုင်ငံ၏ သံမဏိဈေးကွက်ကိုထိခိုက်စေသည်ဟုပြောဆိုခဲ့ကြရာ သမ္မတဂျိုးဘိုင်ဒင်အစိုးရသည် တရုတ်နိုင်ငံ၏ သံမဏိကို အသုံးပြုထားသည့် မက္ကဆီကိုနိုင်ငံ၏ သံမဏိသွင်းကုန်များကို အကောက်ခွန်သတ်မှတ်ကောက်ခံခဲ့ကြောင်းနှင့် မက္ကဆီကိုနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန် နိုင်ငံသို့ သံမဏိပို့ကုန်တန်ချိန် ၄ ဒသမ၂ သန်းဖြင့် ဒုတိယအများဆုံး သံမဏိတင်ပို့သည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ သံမဏိအများဆုံးတင်ပို့သည့်နိုင်ငံမှာ ကနေဒါနိုင်ငံဖြစ်ပြီး အမေရိကန်နိုင်ငံသံမဏိထုတ်လုပ်သူများအသင်းက ကနေဒါနိုင်ငံမှ သံမဏိသွင်းကုန်များကိုလည်း အနီးကပ်စောင့်ကြည့်သင့်သည်ဟု ပြောဆိုခဲ့ကြသော်လည်း အကောက်ခွန်နှုန်းသတ်မှတ်ကောက်ခံရန် တောင်းဆိုမှုအစား ကနေဒါနိုင်ငံတွင်သံရည်ကျိုပြီးသည့်သံမဏိများကိုသာ အကောက်ခွန်ကင်းလွတ်ခွင့်ပြုခြင်းကို ဥပဒေအရ တင်းကျပ်စွာဆောင်ရွက်သင့်သည်ဟု အကြံပြုခဲ့ကြကြောင်း၊ ထို့ပြင်၎င်းတို့က တရုတ်နိုင်ငံမှသံမဏိသုံးပစ္စည်းများကိုလည်းအကောက်ခွန်ဖ်ဂရာခိုင်နှုန်းအထိတိုးမြှင့်သင့်ကြောင်း၊တရုတ်နိုင်ငံသည်အကောက်ခွန်နှုန်းကိုရှောင်ရှားရန်အတွက် ဗီယက်နမ်၊ ထိုင်းနှင့်အခြားအရှေ့တောင်အာရှနိုင်ငံများတွင် စက်မှုလုပ်ငန်းများလည်ပတ်လျက်ရှိရာ ယင်းလုပ်ငန်းများကိုလည်းတိုးမြှင့်ကောက်ခံသင့်ကြောင်း ဖော်ပြခဲ့သည်။

**Source : စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm

## STOCK EXCHANGE (9.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,190 (Shares) | 10,429,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,500 | 8,600 | 8,500 | 290 | 2,466,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 423 | 1,352,850 | 38,929,150 | 124,573 |
| MCB | 00003 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 16 | 129,600 | 10,400,986 | 84,248 |
| FPB | 00004 | 2,000 | +50 | +2.56% | 2,000 | 2,000 | 2,000 | 27 | 54,000 | 29,664,613 | 59,329 |
| TMH | 00005 | 3,000 | -50 | -1.64% | 3,050 | 3,050 | 3,000 | 102 | 311,050 | 12,823,224 | 38,470 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 1,447 | 2,466,950 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,600 | 4,700 | 4,600 | 580 | 2,673,000 | 10,497,598 | 49,339 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 305 | 976,000 | 23,804,946 | 76,176 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 9th Dec. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.60 | +1.65 | +0.42% | 395.37 | 398.60 | 395.37 | 3,190 | 10,429,450 | 8 | 751,838 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 3,190 (Shares) | 10,429,450 (MMK) |

## Main Board

As of 1:00 pm, 9th Dec. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,190 (Shares) | 10,429,450 (MMK) |

| MYANPIX | 398.60 ▲ 1.65 |
|---|---|
| Total Volume (shares) | 3,190 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 751,838 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,100 | ▼ 100 |
| FPB | 00004 | 2,000 | ▲ 50 |
| TMH | 00005 | 3,000 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |